## ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## သတ္တမနေ့အစီအစဉ်

## [၂၆-၁၀-၂၀၁၂] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ ပုဂ္ဂလိက ဝန်ထမ်းများ၏ ပင်စင်ဂရုဏာကြေးများအပေါ်တွင် ကောက်ခံသည့် အခွန်ငွေများ နှင့်ပတ်သက်၍ အစိုးရဝန်ထမ်းများနည်းတူ အခွန်မှ ကင်းလွတ်ခွင့် ပြုနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ ၂၀၁၅ ခုနှစ်တွင် AFTA အတွင်း ဝင်ရောက်မည်ဖြစ်၍ ပြည်တွင်း SME လုပ်ငန်းရှင်များအနေဖြင့် လက်ရှိဘဏ်ချေးငွေများအပေါ် ပေးနေရသော ဘဏ်တိုးနှုန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၈% သို့လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၆% သို့လည်းကောင်း လျှော့ချပေးရန် နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးမောင်မောင်၊ သာယာဝတီ မဲဆန္ဒနယ်၏ သာယာဝတီခရိုင် ပြည်သူ့ ဆေးရုံကြီးသည် ခုတင်(၁၀၀)ဆံ့ ဆေးရုံဖြစ်သည်နှင့်အညီ ရာထူး အလိုက် ဝန်ထမ်းအင်အားစံနှုန်းပြည့်မီစွာ ခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်၏ မြန်မာနိုင်ငံဆေးကောင်စီ အား အစိုးရမဟုတ်သော၊ လွတ်လပ်သော Professional Body အဖြစ် ဖွဲ့စည်းရန်နှင့် ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့

ဖွံ့ဖြိုးစည်းနိုင်ရေး အတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေ များ စီမံဆောင်ရွက်ထားမှု အခြေအနေအား သိလိုပါကြောင်း နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် အသစ်တိုးချဲ့ ဖွင့်လှစ်လိုသည့် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေးဌာနခွဲများ၊ သားဖွားဆရာမ(၂)ဦး တိုးချဲ့ ခန့်ထားပေးရန်၊ လိုအပ်သည့် ကျန်းမာရေးဌာန၊ မိခင်နှင့် ကလေး ကျန်းမာရေး ဌာနတို့အား မည်သို့စီစဉ် ဆောင်ရွက်ပေးမည် နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးငွန်မောင်၊ ဟားခါး မဲဆန္ဒနယ်က **"ပြည်နယ်များတွင် သက်ဆိုင်ရာ ပြည်နယ်များ၏ နေ့ထူးနေ့မြတ်များကို ပြည်နယ်အစိုးရက တရားဝင်ရုံးပိတ်ရက် သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရက အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပေးပါရန် တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့်လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဦးကြည်သာ၊ ဝ မဲဆန္ဒနယ်က **"နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ဖြင့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို ကုမ္ပဏီအဖွဲ့အစည်းများသို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် စနစ် (JB/ BOT)နှင့် တိုင်းရင်းသားကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပြုသည့် စနစ် (BOT) ကျင့်သုံးနိုင်ရေးအတွက် လွှဲပြောင်းပေးအပ်ခြင်းမပြုရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး အဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။